- လာဘ်ပေးလာဘ်ယူခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ပါသည်။ အစိုးရဝန်ထမ်းများ၊ ရဲအရာရှိများကို လာဘ်ပေးခြင်း/တန်စိုး လက်ဆောင်ပေးခြင်းများ မပြုရပါ။



- ရုပ်ရှင်ရုံ/ပြဇာတ်ရုံ၊ ရုံးခန်း စသော အများပြည်သူနှင့်ဆိုင်သောနေရာမျိုးတွင် ဆေးလိပ်သောက်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ စားသောက်ဆိုင်ကဲ့သို့သော အခြားသော နေရာများတွင်မူ ဆေးလိပ်သောက်ရန်နေရာ သီးသန့်ရှိတတ်သည်။
  အကယ်၍သင်သည် ဆေးလိပ်သောက်တတ်သူဖြစ်ပါက ဆေးလိပ်သောက်ခြင်းနှင့်ဆိုင်သော ဥပဒေကို ပြန်လည်နေရာချထားရေးအဖွဲ့တွင် စုံစမ်းမေးမြန်းပါ။ အသက် ၁၈ နှစ် မပြည့်မီတွင် ဆေးလိပ်သောက်သုံးခွင့်မရှိပါ။

- အမေရိကန်ပြည်ထောင်စုတွင် တိရစ္ဆာန်များညှဉ်းပန်းမှုကို တားမြစ်ထားသော ဥပဒေရှိသည်။ တိရစ္ဆာန်များကို ရိုက်နက်ခြင်း၊ ဂရုမစိုက်ပစ်ထားခြင်း၊ အလွဲသုံးစားခြင်း၊ သတ်ခြင်းတို့သည် ဥပဒေနှင့်ဆန့်ကျင်သည်။

- အမှိုက်များကို လမ်းပေါ်၌ စွန့်ပစ်ခြင်းသည် ဥပဒေနှင့်မညီပါ။ ဤအတွက် ဒဏ်ငွေပေးဆောင်ရပါလိမ့်မည်။

- အသက် ၆ နှစ်မှ ၁၆ နှစ် အတွင်းရှိ ကလေးများသည် ကျောင်းတက်ရန် လိုအပ်သည်။

- မိမိနိုင်ငံသို့ပြန်ပို့ခြင်းခံရနိုင်သော ပြစ်မှုများမှာ- ပြင်းထန်ပြစ်မှုများ (လူသတ်မှု၊ လူယက်မှု၊ မီးရှို့မှု၊ မုဒိမ်းမှု)၊ အမေရိကန်နိုင်ငံသို့ တရားမဝင်ခိုးဝင်ခြင်း၊ အလတ်စားပြစ်မှုများ [တရားဝင် ခွင့်ပြုချက်မရှိပဲ လက်နက်တစုံတခု ပိုင်ဆိုင်ခြင်း၊ လက်ဝယ်ထားရှိခြင်း (ကားထဲတွင်၊ ကိုယ်ပေါ်တွင်)၊ လက်နက်ရောင်းဝယ်ခြင်း၊ ကားခိုးခြင်း၊ ပစ္စည်းခိုးခြင်း၊ အလစ်သုတ်ခြင်း၊ ထိုးကြိတ်ရန်ဖြစ်ခြင်း၊ ချက်လက်မှတ် အတုများရေးခြင်း၊ ရာဇဝတ်မှုကျူးလွန်သော ဂိုဏ်းအဖွဲ့များနှင့် ပါဝင်ပတ်သတ်ခြင်း၊ အခြားတစုံတဦးအား ရန်ပြုမည်/သတ်မည်ဟု ခြိမ်းခြောက်ခြင်း စသည်)

- အမေရိကန်နိုင်ငံ၏ နိုင်ငံသားဖြစ်လျှင်ဖြစ်စေ၊ မဖြစ်လျှင်ဖြစ်စေ သင့်အတွက်ရရှိနိုင်သည့်အခွင့်အရေးများမှာ - ရဲအရာရှိ /အစိုးရအရာရှိတဦးက မေးမြန်းလာလျှင် ပါးစပ်ပိတ်ကာ ဘာမှမပြောပဲ ဆိတ်ဆိတ်နေခွင့်ရှိသည်။ မိမိကိုယ်တိုင်အစား ဥပဒေရေးရာကျွမ်းကျင်သူ ကိုယ်စားလှယ်နှင့်တိုင်ပင်နိုင်သည်။ မိမိကို ကိုယ်စားပြု၍ ထွက်ဆို/ပြောဆိုခွင့်ကိုတောင်းခံနိုင်သည်။ အကြိုးအကြောင်းမရှိသော ရှာဖွေမှုများ၊ ဖမ်းဆီးမှုများမှ ကင်းလွတ်ခွင့်ရှိသည်။ သင့်အိမ်နှင့် ပိုင်ဆိုင်မှုအဆောက်အဦများတွင် "ဝရမ်း" (ရှာဖွေစစ်ဆေးရေးအမိန့်) မပါပဲ ဝင်ရောက်ရှာဖွေခွင့် မရှိပါ။

- ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ကိုယ်တိုင် ပြောဆိုတိုက်တွန်းရန် အခွင့်အရေးရှိသည်။

- မိမိ၏ ကိုယ်ရေးအချက်အလက်များကို ခိုးယူခြင်းအမှုသည် အမေရိကန်နိုင်ငံတွင် ဖြစ်ပွားနိုင်ပါသည်။ သင်၏ (ID ကဒ်များ၊ ဘဏ်ကဒ်များ၊ အကြွေးဝယ်ကဒ်များပါဝင်သော) လက်ကိုင်အိတ်ကိုခိုးယူခြင်းနှင့် အခြားသောနည်းလမ်းများမှတဆင့် သင်၏ ကိုယ်ရေးအချက်အလက်များကို ခိုးယူပြီး သင့်အမည်၊ မွေးနေ့၊ လူမှုဖူလုံရေးကဒ် နံပါတ်များကို အသုံးပြု၍ အကြွေးဝယ်ကဒ်များ လျှောက်ထားအသုံးပြုနိုင်ပြီး၊ ဘဏ်စာရင်းများဖွင့်၍ ချက်လက်မှတ်အတုများ ရေးသားပြီး ငွေသားများထုတ်ယူ၍ အလွဲသုံးစားမှုများ ပြုလုပ်နိုင်ပါသည်။



**Sources**: Welcome to United States- A Guide Book for Refugees (Center for Applied Linguistics, 2004), Some Basic Laws in the U.S. (Ethiopian Community Development Council), Rochester Immigrant Guide (Minnesota Council of Churches, 2003, 2005)

PARK CENTER Inc
909 E State Blvd. Fort Wayne. IN 46805.
Ph: (260) 481- 2700.

ဖေဖော်ဝါရီ ၁၉၊၂၀၁၀။

# အရေးကြီး၍ သိထားသင့်သော အမေရိကန်ဥပဒေများ

## Some Important U.S. Laws That Immigrants Should Know



*(Hnin Yu Lwin) နှင်းယုလွင် မှ ဆီလျော်အောင် ဘာသာပြန်သည်။*
*Ph: (260) 481 – 2700 (Ext: 2104)*

- မူးယစ်စေတတ်သောဆေးဝါးများ နှင့် အခြားကန့်သတ်ထားသော ဆေးဝါးနှင့်ခါတုပစ္စည်းများကို ရောင်းခြင်း၊ ဝယ်ခြင်း၊ သုံးစွဲခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်။ ဤဥပဒေကို ချိုးဖောက်ကျူးလွန်ပါက မိမိနိုင်ငံသို့ ပြန်ပို့ခံရနိုင်ပါသည်။ မိမိနိုင်ငံတွင် ဥပဒေနှင့်ညီသော ဆေးအချို့သည် အမေရိကန်နိုင်ငံတွင် ဥပဒေက တားမြစ်ထားသော ဆေးဝါးများ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဆေးတမျိုးသည် ဥပဒေနှင့်ညီ၊ မညီကို မိမိကိုပြန်လည်နေရာချထားပေးသောအဖွဲ့တွင် စုံစမ်းပါ။

- မိမိ၏အိမ်ထောင်ဖက်(သို့)သား၊ သမီးအား ကိုယ်ထိလက်ရောက် ရိုက်နှက်၍ဆုံးမခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ ထို့အတူ ကလေးသူငယ်များကို လူကြီးတယောက်၏ စောင့်ကြပ်ကြည့်ရှုမှုမရှိပဲ ထားပါက ဥပဒေနှင့်ဆန့်ကျင်သည်။
အချို့သောနိုင်ငံများတွင် ငယ်ရွယ်သော ကလေးသူငယ်များကို အသက်အနည်းငယ်ပိုကြီးသော ကလေးများက ကြည့်ရှုထိန်းကျောင်းသည်မှာ ဓမ္မတာဖြစ်သော်လည်း၊ အမေရိကန်ပြည်ထောင်စုတွင် ငယ်ရွယ်သော ကလေးသူငယ်များကို လူကြီးတဦးမှ တာဝန်ယူ ကြည့်ရှုထိန်းကျောင်းပေးရသည်။
ကလေးတဦးအား ရိုက်နှက်ခြင်းကို အကြမ်းဖက်ခြင်းဟုယူဆပြီး၊ ကလေးငယ်တဦးကို ကြည့်ရှု ထိန်းကျောင်းမှုမရှိပဲ လွှတ်ထားခြင်းကို ဂရုမစိုက် ပစ်ထားသည်ဟု ယူဆသည်။ ဤသို့သော ဆက်ဆံမှုမျိုးကိုတွေ့ရှိပါက သင့်ကလေး၊ သား၊ သမီးများကို ကလေးသူငယ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ထိန်းသိမ်းစောင့်ရှောက်ပေးရန် လာရောက်ခေါ်ငင် သွားမည်ဖြစ်သည်။






- အသက်မပြည့်သူများ ( ပြည်နယ်အများစုတွင် ၁၈ နှစ်နှင့် အောက်) နှင့် လိင်ဆက်ဆံခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ ဤသို့သော လိင်အလွဲသုံးစား ပြုလုပ်လျှင် အကျဉ်းချခံရနိုင်ပြီး၊ မိမိနိုင်ငံသို့ ပြန်ပို့ခံရနိုင်ပါသည်။ တရားဝင် အိမ်ထောင်ဖက်တဦးထက် ပို၍ ရှိခြင်း (တဦးအထက်လူများနှင့် တချိန်တည်းတွင် အိမ်ထောင်ဖက်ထားခြင်း) သည် ဥပဒေနှင့်ဆန့်ကျင်သည်။

- အင်ဒီယားနားပြည်နယ်တွင် လက်ထပ်ထိမ်းမြားရန် အနည်းဆုံး အသက် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရပါမည်။



- အကယ်၍ သင်သည် အိမ်ထောင်ဖက်နှင့် ကွာရှင်းထားပါက (သို့) တရားဝင်သီးခြားနေထိုင်ပြီး၊ ထိုအိမ်ထောင်နှင့် သား၊ သမီးရှိပါက၊ ထိုသားသမီးများအတွက် လစဉ်ထောက်ပံ့ကြေးကို သင်၏ ယခင်အိမ်ထောင်ဖက်ကို ငွေကြေးအားဖြင့် ထောက်ပံ့ ရပါမည်။ ဤသည်ကို ကလေးစားရိတ်အထောက်အပံ့ဟုခေါ်ပြီး ဥပဒေအရ ပြုလုပ်ရမည့် ဝတ္တရားဖြစ်ပါသည်။ အကယ်၍ ဤထောက်ပံ့ရမည့် ဝတ္တရားပျက်ကွက်ပါက၊ သင်၏ လူဝင်မှုကြီးကြပ်ရေး အခြေအနေနှင့် အခွင့်အရေးများ ပျက်ပြားဆုံးရှုံးနိုင်ပါသည်။

- လူငယ်ကလေးများအနေနှင့် အသက် ၂၁ နှစ် မပြည့်မီတွင် အရက်ပါဝင်သော အဖျော်ယမကာများကို သောက်သုံးခွင့်မရှိပါ၊ ဆိုင်များတွင်လည်း ဝယ်ယူခွင့်မရှိပါ။ ယေဘုယျအားဖြင့် အရက်နှင့် အရက်ပါဝင်သော အဖျော်ယမကာများကို ဘားများ၊ စားသောက်ဆိုင်များစသည့် သတ်မှတ်ထားသော နေရာများတွင် မဟုတ်ပဲ လမ်းပေါ်တွင် (သို့) အိမ်အပြင်ဘက်တွင် သောက်သုံးခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။

- အလုပ်ခွင်၌ လိင်နှင့်ပက်သက်သော အခွင့်အရေးယူမှုများ၊ ညစ်ညမ်းသောစကားများ ပြောဆိုခြင်းသည် (လိင်မှုရေးရာ ဖောက်ပြန်ကျူးလွန်ခြင်းဖြစ်ပြီး) ဥပဒေနှင့်ဆန့်ကျင်သည်။

- လိင်ဆက်ဆံခြင်းကို ငွေကြေးပေး၍ ဝယ်ယူခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ပါသည်။



- လိုင်စင်/ခွင့်ပြုချက်မရှိပဲ လက်နက်ပိုင်ဆိုင်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ နေရာအများစုတွင် လိုင်စင်/ခွင့်ပြုချက်မရှိပဲ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း/ငါးများခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်။ ထို့အတူ အခြားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုလဲ လေ့လာ၍ လိုက်နာရပါမည်။



- အမေရိကန်ပြည်ထောင်စု၏ ယာဉ်မောင်းလိုင်စင်မရှိပဲ ကားမောင်းခြင်း၊ အရက်သောက်သုံးပြီးမောင်းနှင်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင် သည်။ အရက်သောက်သုံးပြီး ယာဉ်မောင်းနှင်ခြင်းသည် အလွန်ပြင်းထန်သောပြစ်မှုဖြစ်ပြီး၊ ယာဉ်မောင်းလိုင်စင်ရုတ်သိမ်းခြင်းခံရနိုင်ပြီး၊ အကျဉ်းချခံရခြင်း၊ မိမိနိုင်ငံသို့ ပြန်ပို့ခြင်းများ ခံရနိုင်ဖွယ်ရှိပါသည်။






- ပြည်နယ်အများစုတွင် ယာဉ်များပေါ်တွင် ခါးပါတ်ဝတ်ဆင်၊ တပ်ဆင်ထားခြင်းနှင့်ဆိုင်သော ဥပဒေများ ရှိပါသည်။ မိဘများသည် မိမိတို့၏ သား၊ သမီးများအတွက် ခါးပါတ်ဝတ်ဆင်၊ တပ်ဆင်ပေးရမည်ဖြစ်ပြီး ငယ်ရွယ်သော ကလေးသူငယ်များအတွက် အထူးစီစဉ်ထားသော ထိုင်ခုံခါးပါတ်များကို တပ်ဆင်အသုံးပြုရမည်ဖြစ်ပါသည်။ လူကြီးများအတွက်လည်း အလားတူ ထိုင်ခုံခါးပါတ်နှင့်ပတ်သတ်သော ဥပဒေများရှိပါသည်။



